## — နှင်းပန်းရုံဝတ္ထုအပေါ် ထင်မြင်ချက်များ —

နှစ်ပေါင်းများစွာ ကျွန်တော် ဖတ်ခဲ့ဖူးသော စာအုပ်များထဲတွင် အံ့ဩစရာ အကောင်းဆုံး စာအုပ်တစ်အုပ် ဖြစ်သည်။ လှပစွာ ရေးသားထားပြီး ချုပ်တည်းထားသော်လည်း အားအင်ရှိသော အရေးအသားမျိုး ဖြစ်သည်။ အကြောင်းအရာက အစစ်အမှန် ဖြစ်ပြီး စိတ်ကူးများ တန်ဖိုး အလွန်ကြီးမားလာစေဖို့ ဘယ်လို ပဋ္ဌလက် ပြုရမည်ကို ဝမ်က သိခဲ့သည်။

— အင်န်အာစီ ဟန်ဒယ်လ်ဘလတ်ဒ် (NRC Handelsblad)

မှုရင်း အစစ်အမှန်ဖြစ်ပြီး နှင့်နှင့်နဲ့နဲ့ စိတ်ထိခိုက်စေသော စာအုပ်။ တဟုန်းဟုန်း ထသော အောင်မြင်မှုတစ်ခု ဖြစ်သည်။

— ဂော့လန်း အာလီဟာန်ဒ (Gotlands Allehanda)

စိတ်အာရုံကို ညှို့ယူ ဖမ်းစားထားပြီး ရောမွှေထားသည့် ရိုးသားသော ပုံရိပ်လွှာတစ်ခု ဖြစ်သည်။ မျက်စိမှိတ်ပြီး အပြစ်တင်မထားသော်လည်း စူးစမ်းမှုများနှင့် အချက်အလက်များကို ဖွင့်ဟ ပုံဖော် ဖွဲ့ဆိုထားသည်။ ခေတ်ပြိုင်သမိုင်း၏ အဖိုးတန်သော အပိုင်းအစ တစ်ခု ဖြစ်သည်။

— ဟက်စ်စီချီ အော်လ်ဂျီမင်းန် (Hessiche Allgemeine)

လွတ်လပ်ခြင်းနှင့် လူသားစိတ်ကို အံ့ဩစရာ ကောင်းလောက်အောင် နှိုးဆွပေးမှု တစ်ခု။

— ကင်ဘာရာတိုင်းစ် (Canberratimes)

ဝမ်သည် မှုရင်း အစစ်အမှန် ဖြစ်ပြီး ပါရမီ ရှိသော စာရေးဆရာတစ်ယောက် ဖြစ်သည်။ နှင်းပန်းရုံက ရှင်းလင်းသော အမြင်နှင့် ကြင်နာသနားခြင်း များစွာဖြင့် သူ့ကမ္ဘာကို လှုံ့ဆော်စေသည်။

— ဂျွန် ဘန်းဟန် ရှိုဝပ်ဇ်၊ သိ နယူးယောက်တိုင်းစ် ဘွတ်ခ်ရီဗြူး
(John Burnham Schwartz, The New York Times Book Review)

နှိုးဆော်သော ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ တစ်ခုထဲတွင် ခေလှအတိုင်း အမြော်အမြင်ရှိသော ကလေးဇာတ်လိုက် လျှန် ပါဝင်ထားသည်။ မန်ခရင်း ဟက်ဗင်း (တရုတ်တရားဝင်စကား)ကို သူ အနည်းငယ် အမှတ်ရနိုင်သော်လည်း လိုရင်းကို ပုံဖော်နိုင်ခဲ့သည်။ အချိန်နေရာများတွင် လူ့အဖွဲ့အစည်း၏ ဟန်ဆောင်မှုများကို ရိုးရိုးစင်းစင်း မြင်နေရသည်။ ရှင်းနီးပြီး မမျှော်လင့်သော ရှေးတရုတ်ကျိန်စာ၏ ငန်ကျိုကို ပုံဖော်ထားမှုများ ပါဝင်သည်။ 'စိတ်ဝင်စားစရာကောင်းသော အချိန်များထဲတွင် သင် ရှင်သန်နေနိုင်ပါစေ'

— တိုင်းမ် (Time)

ကိုယ်ပိုင် အတွေ့အကြုံ၊ နာကျင်စွာ ရရှိခဲ့သည့် ရင့်ကျက်မှုနှင့် မွေးရာပါ ပါရမီ အရေးအသားတို့ကို အောင်အောင်မြင်မြင် ပေါင်းစပ်ထားသည်။ လုလုဝမ်၏ အစွမ်းသည် သူ လန်းဆန်းမှုနှင့် ထိရှလွယ်သော ဟန်၊ သူ၏ ထက်မြက်သော စူးစမ်းမှုနှင့် အတွေ့အကြုံတို့ကို ရောမွှေထားသော စိတ်ကူးဇာတ်လမ်း။

— အချန်နာဇိတန်း (Aachener Zeitung)

လုလုဝမ်သည် ယဉ်ကျေးမှုတော်လှန်ရေး၏ မျက်မြင်သက်သေ တစ်ယောက် ဖြစ်သည်။ မှုရင်းကျကျနှင့် ဆွဲဆောင်ရမည့် နည်းလမ်းအတွက် ဘယ်လို ပြောပြရမည်ကို သူ သိသည့်အပြင် မော်စီတုံး လက်အောက်တွင် တရုတ်ပြည်သူများ၏ နေ့စဉ် ဘဝ ပုံရိပ်များကို သူ၏ ကိုယ်ပိုင်အမြင်ဖြင့် ဖော်ပြခဲ့သည်။ သည်အကြောင်းများကို ဥရောပ စာဖတ်သူများ အရင်က မသိခဲ့ကြချေ။ အလွန်သက်ဝင်သော တဲတိုးကျသော စာပန်းချီ စကားတို့ဖြင့် ဖွဲ့ထားသည်။ ပိုသိလိုကြသော ဥရောပသားများအတွက် တရုတ်ပြည်သူများ၏ ဘဝနှင့် အတွေးခံစားချက်များကို ထင်သာ မြင်သာအောင် လုလုဝမ်က အောင်မြင်စွာ ရေးဖွဲ့ထားသည်။

— ရင်ဒ်အစ်ချာ မာကာ (Rheinischer Merkur)

ကမ္ဘာတလွှားရှိ ကောင်မလေးတစ်ယောက် အကြောင်း ဖြစ်သည်။ ခက်ခဲကြမ်းတမ်းသော ကာလအောက်တွင် သူ ကြီးပြင်းလာခဲ့ရသည်။ အသေးစိတ်နှင့် လှလှပပ စကားလုံးများဖြင့် ဝမ်က ရေးဖွဲ့ခဲ့သည်။

— လဟိုမ်း တစ်နင်း (Laholms Tidning)

အလွန် စိတ်လှုပ်ရှားပြီး စိတ်အာရုံကို ဖမ်းစားနိုင်သော ဝတ္ထု ဖြစ်သည်။ ရုန်းကန်နေကြရသော သူငယ်ချင်း၊ အပျိုဖော်ဝင် ကောင်မလေးနှစ်ယောက်နှင့် သူတို့ မိန်းမကြီးဘဝသို့ ရောက်ရှိလာရသည့် လျှန်နှင့် ကင်မ်တို့၏ အကြောင်းဇာတ်လမ်းကို ထူးခြားသော ရှုထောင့်ဖြင့် လုလုဝမ်၏ စာအုပ်က ပေးထားသည်။

— ဟူဒစ်စ်ဗဲလ်စ် တစ်နင်း (Hydiskvalls Tidning)

တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေး ကာလအတွင်းက မိန်းမတစ်ယောက်၏ ရုန်းကန်ရပုံအကြောင်း ဝတ္ထု ဖြစ်ပြီး ထိတ်လန့်စရာလည်း ကောင်းသည်။ နောက်ကြောင်းပြန်၊ မျိုးဆက်သုံးဆက်ကို ဖုံးကွယ်မထား။ နောက်ဆုံး အဆုံးသတ်တွင် အမေရိကန် ရောက်သွားပြီး ပျော်ရွှင်စွာဖြင့် ဇာတ်သိမ်းမထား။ ထိမိုက်ကြေကွဲမှုများဖြင့် ထုံမွမ်းထားသော မှုရင်းအတိုင်း တင်ပြထားသည့် အကြမ်းထည် ဇာတ်လမ်းတစ်ပုဒ်။

— သီအိပ်ဂျ် မဲလ်ဘုန်း (The Age Melbourne)

တရုတ်ပြည် ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း ပညာတတ်များနှင့် စိတ်ထိခိုက်ဖွယ် ဖြစ်လာသော ရင်မောဖွယ်ရာများကို လုလုဝမ်က သူ၏ ကိုယ်တွေ့များပေါ် အခြေခံ၍ ရေးသားထားသော ဝတ္ထု ဖြစ်သည်။

၂၀ ရာစု တရုတ်ပြည်သည် အကြင်နာတရား မဲ့စွာ ဆွဲဆောင်မှု ရှိပြီး လျှန်၊ သူ့သူငယ်ချင်းများနှင့် မိသားစု၏ အသေးအဖွဲ့ အကြောင်းများဖြင့် အစပိုင်းမှာ အာရုံကို ဖမ်းစားထားသည်။ ဝမ်၏ အလွန် အကျိုးရှိစွာ လုပ်လိုက်နိုင်ခြင်းမှာ မော်စီတုံး၏ ယဉ်ကျေးမှုတော်လှန်ရေး စိတ်ကူး ရပိုင်ခွင့်များ ဝင်ရောက် နေရာယူသော လုပ်ရပ်များက တရုတ်ပြည်၏ လူတန်းစား ခွဲခြားသော စနစ်၏ ခက်ခဲသော ဥပဒေများကို နောက်တစ်ဆင့် ဦးတည်သွားစေသည်။ ထို့ကြောင့် ရက်စက်ခြင်းများနှင့် အသိဉာဏ်ကင်းသော အမြင်ကျဉ်းမှုများကို မီးမောင်းထိုးပြနေသည်။

— ဂလ်ဟွန်ဘီ၊ သီတိုင်းမ် (Gill Hornby, The Times)

စိတ်လှုပ်ရှားစေပြီး ဆွဲဆောင်မှုရှိသော ဇာတ်လမ်း ဖြစ်သည်။ စာရေးဆရာက ဇာတ်လမ်းကို ရှေ့ဘယ်လို ဆက်သွားရမည်ကို ကောင်းကောင်း သိသည်။ ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်းတစ်ခုထဲရှိ သမိုင်းဝင် အရေးပါသော ကာလကို ဇောက်ထွင်း မြင်နေရသည်။ အကျိုးကျေးဇူး ရရှိခြင်းနှင့် ကြောက်ရွံ့ခြင်း နှစ်ခုကို ကျွန်တော်တို့ အနောက်ကမ္ဘာထဲတွင် အတွေ့အကြုံ အနည်းငယ် ရလိုက်သည်။

— ရလုဒဗိုင်က တစ်နင်း (Nya Ludvika Tidning)

တမူထူးခြားပြီး နှစ်သက်ဖွယ်ကောင်းသော အပြောဖြင့် စာဖတ်သူနှင့် လျှန်တို့ အကြားတွင် ခပ်မြန်မြန်ပင် အနိုင်အမာ ဖြစ်အောင် ကြိုးပမ်းလိုက်သည်။ လျှန် ဆိုသော ကောင်မလေးက သူ့ ကိုယ်ပိုင်သဘောထားဖြင့် ယဉ်ကျေးမှု တော်လှန်ရေးအပေါ် ထူးထူးခြားခြားနှင့် ကိုယ်ပိုင် အယူအဆများကို သူ့ဇာတ်လမ်းက တစ်လျှောက်လုံး ပြောပြသွားသည်။

— ဆူး ဂရင်း၊ ဆောက် ချိုင်းနား မောနင်းပို့စ်
(Sue Green, South China Morning Post)